# Second Sunday of Lent - C

## 1st READING: *Genesis 15:5-12, 17-18*

ကမ္ဘာဦးကျမ်း။ ၁၅း ၅–၁၂၊ ၁၇–၁၈

ထိုနောက်ထာဝရဘုရားသည်အာဗြံကိုပြင်သို့ထုတ်ဆောင်တော်မူ၍၊ မိုဃ်းကောင်းကင်ကို မြော်ကြည့်လော့။ ကြယ်များကို ရေတွက်နိုင်လျှင် ရေတွက်လော့။ သင်၏အမျိုးအနွယ်သည်ထိုသို့ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ အာဗြံသည်ထာဝရဘုရားကို ယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူ၏။ တဖန်၊ ငါသည်ဤပြည်ကိုသင်းအမွေခံစရာဘို့၊ သင်အားပေးလိုသော၄ါ၊ ခါလဒဲပြည်သားတို့နေသောဥရမြို့မှသင့်ကိုထုတ်ဆောင်သောထာဝရဘုရားဖြစ်သည်ဟုမိန့်တော်မူ လျှင်၊ အရှင်ထာဝရဘုရား၊ ဤပြည်ကိုအကျွန်ုပ်အမွေခံရမည်ကိုအဘယ်သို့သိရပါအံ့နည်းဟုမေးလျှောက်လေ၏။ ထာဝရဘု ရားကလည်း၊ သုံးနှစ်အသက်ရှိသောနွားမတကောင်၊သုံးနှစ်အသက်ရှိသာဆိတ်မတကောင်၊ သုံးနှစ်အသက်ရှိသောသိုးထီးတ ကောင်၊ ချိုးတကောင်၊ ခိုသငယ်တကောင်တို့ကိုငါ့ဘို့ယူလော့ဟုမိန့်တော်မူသည်အတိုင်း၊ ထိုတိရစ္ဆာန်အပေါင်းတို့ကိုယူ၍၊ တကောင်တကောင်ကိုထက်ဝက်စီခွဲပြီးလျှင်၊ ခွဲသောအသေးတို့ကိုတဘက်တချက်၌ထားလေ၏။ ငှက်ကောင်တို့ကို မခွဲ။ ငှက်ရဲတို့သည်အသေကောင်တို့အပေါ်သို့ဆင်းလာသောအခါ၊ အာဗြံသည်နှင်လေ၏။ နေဝင်သောအခါ၊ အာဗြံသည်ကြီးသော အိပ်ခြင်းဖြင့် အိပ်ပျော်လျက်၊ ထူသောမှောင်မိုက်နှင့် တွေ့၍၊ ထိတ်လန့်ခြင်းသို့ရောက်လေ၏။ တဖန်နေဝင်၍ မိုက်သောအခါ၊ ခွဲထားသောအသားအလယ်၌၊ မီးခိုးထွက်သောမီးဖို၊ မီးထွန်းလင်းသောမီးခွက်သည်ထင်ရှားစွာရှောက်သွားလေ၏။ ထိုနေ့၌ ထာဝရဘုရားသည်အာဗြံနှင့်ပဋိညာဉ် ပြုတော်မူလျက်၊ အဲဂုတ္တုမြစ်မှစ၍ မြစ်ကြီးတည်းဟူသော၊ ဥဖရတ်မြစ် တိုင်အောင်၊ ဤပြည်ကိုရင်း၊ သင်၏အမျိုးအနွယ်အားငါအပ်ပေးပြီဟုမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**Responsorial Psalm  Psalms 27: 1, 7-8, 8-9, 13-14**
**ဆာလံကျမ်း ၂၇**

**သံပြိုင်။** ။ ထာဝရဘုရားသည်ငါ၏အလင်း၊ ငါ့ကိုကယ်တင်သောအရှင်ဖြစ်တော်မူ၏။

**၁။** ။ ထာဝရဘုရားသည်ငါ၏အလင်း၊ ငါ့ကိုကယ်တင်သောအရှင်ဖြစ်တော်မူ၏။ငါသည်မည်သူ့ကိုကြောက်ရအံ့နည်း။ **(သံပြိုင်)**

**၂။။** အိုထာဝရဘုရား၊ တပည့်တော်အော်ဟစ်သောအသံကိုနားထောင်တော်မူပါ။ တပည့်တော်ကိုသနားကရုဏာထား၍ထူးတော်မူပါ။ ငါ၏နှလုံးသားမှဆိုသည်မှာလာလော့၊ ကိုယ်တော်၏ရွှေမျက်နှာတော်ကိုရှာလော့။ **(သံပြိုင်)**

**၃။** ။ အိုထာဝရဘုရား၊ကိုယ်တော်၏ရွှေမျက်နှာတော်ကိုတပည့်တော်ရှာပါ၏။ရွှေမျက်နှာတော်ကိုတပည့်တော်မှလွှဲတော်မမူပါနှင့်။ ကိုယ်တော်သည်ကျွန်ုပ်ကိုကူညီမစဖူးသည်နှင့်အညီအမျက်တော်ထွက်၍ကိုယ်တော်၏အစေခံကျွန်ကိုငြင်းပယ်တော်မမူပါနှင့်။ ကျွန်ုပ်၏ကယ်တင်ခြင်းဖြစ်တော်မူသောအိုဘုရားသခင်တပည့်တော်ကိုစွန့်ပစ်တော်မမူပါနှင့်။ တပည့်တော်ကိုပယ်ထားတော်မမူပါနှင့်။ **(သံပြိုင်)**

**၄။** ။ အသက်ရှင်သူတို့နေထိုင်ရာအရပ်တွင်ထာဝရဘုရား၏ကောင်းမြတ်မှုခြင်းကိုတွေ့မြင်ရလိမ့်မည်ဟုငါယုံကြည်ပါ၏။ သခင်ဘုရားအားစောင့်ငံ့လျက်နေလော့။ ခွန်အားယူ၍၊ရဲရင့်သောစိတ်နှလုံးရှိလော့။ထာဝရဘုရားအားစောင့်မျှော်လျက်နေကြလော့။ **(သံပြိုင်)**

## 2nd READING: *Philippians 3:17- 4:1*

zdvdydMo0g'pm 3:17-4:1

ညီအစ်ကိုတို့ငါကျင့်သည့်နည်းတူသင်တို့သည်လည်းတစ်ညီတစ်ညွတ်တည်းကျင့်ကြလော့။ ငါတို့ပြသောစံနမူနာကောင်းကိုလိုက်ကြသောသူတို့အားလည်းရှုမှတ်ကြလော့။ အကြောင်းမူကားငါသည်ဤအချက်ကိုကြိမ်ဖန်များစွာဖော်ပြခဲ့ဖူးပြီ။ ယခုလည်းထပ်မံ၍မျက်ရည်ဖြင့်သတိပေးလိုက်ပါ၏။ ခရစ်တော်၏လက်ဝါးကပ်တိုင်ကိုရန်ဘက်ပြု၍ကျင့်သောသူများစွာရှိကြ၏။ ထိုသူတို့သည်ပျက်စီးခြင်းနှင့်လမ်းဆုံးကြလိမ့်မည်။ ထိုသူတို့၏ဘုရားမူကားသူတို့၏ဝမ်းပေတည်း။ သူတို့သည်ရှက်ကြောက်သင့်သောအရာတို့တွင်ဂုဏ်ယူဝါကြွားကြ၏။ လောကနှင့်ဆိုင်သောအရာတို့ကိုသာစိတ်စွဲလန်းခြင်းရှိကြ၏။ ငါတို့ကျင့်သောအကျင့်မူကားကောင်းကင်ဘုံနှင့်စပ်ဆိုင်လျက်ရှိ၏။ ကယ်တင်တော်မူသောအရှင်ခရစ်တော်ယေရှုသည်ကောင်းကင်ဘုံမှကြွလာတော်မူမည်ကိုမျှော်လင့်လျက်နေကြ၏။ ကိုယ်တော်သည်ခပ်သိမ်းသောအရာတို့ကိုမိမိ၏အာဏာစက်အောက်သို့ရောက်စေတော်မူသောတန်ခိုးတော်အားဖြင့်ငါတို့၏သေကြေပျက်စီးတတ်သောကိုယ်ခန္ဓာကိုလည်းဘုန်းအသရေတော်နှင့်ပြည့်စုံသောကိုယ်ခန္ဓာတော်နည်းတူဖြစ်စေခြင်းငှာ၊ အသစ်တဖန်ပြောင်းလဲစေတော်မူလိမ့်မည်။ ငါသည်ညီအစ်ကိုတို့သင်တို့ကိုငါအလွန်ချစ်ခင်လွမ်းဆွတ်ပါ၏။ငါသည်သင်တို့ကိုအကြောင်းပြု၍၊အလွန်ဝမ်းမြောက်ဂုဏ်ယူခြင်းရှိပါ၏။ ချစ်သောညီအစ်ကိုတို့ငါဆိုခဲ့ပြီးသည့်အတိုင်းသခင်ဘုရား၌တည်နေကြလော့။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## **GOSPEL:** ***Luke 9:28B-36***

ရှင်လုကာဧဝံဂေလိကျမ်း ၉း ၂၈–၃၆

ကိုယ်တော်သည်ပေတရု၊ ယောဟန်နှင့်ယာကုပ်တို့ကိုခေါ်၍ဆုတောင်းရန်တောင်ပေါ်သို့တက်ကြွတော်မူ၏။ ကိုယ်တော်သည်ဆုတောင်းတော်မူစဉ်တွင်မျက်နှာတော်၏အသွင်သဏ္ဌာန်သည်ပြောင်းလဲ၍၊အဝတ်တော်သည်လည်းဖြူဖွေးတောက်ပလာလေ၏။ ထိုအခိုက်တွင်လူနှစ်ယောက်သည်ရုတ်တရက်ပေါ်လာ၍ကိုယ်တော်နှင့်စကားပြောလျက်ရှိကြ၏။ ထိုသူတို့သည်ကား၊ မိုးဇက်နှင့်ဧလိယတို့ဖြစ်ကြ၏။ ထိုသူတို့သည်ဘုန်းတန်ခိုးနှင့်ထင်ရှားစွာပေါ်လာ၍၊ ဂျေရုဆလင်မြို့တွင်ဖြစ်လတ္တံ့သောကိုယ်တော်၏အသေခံတော်မူခြင်းအကြောင်းကိုပြောဆိုနေကြ၏။ ပေတရုနှင့်သူ၏အပေါင်းအဖော်တို့သည်ကားမျက်စိများလေးလံနေသောကြောင့်အိပ်ငိုက်နေကြ၏၊ သို့ရာတွင်သူတို့နိုးလာသောအခါ၊ကိုယ်တော်၏ဘုန်းတန်ခိုးတော်ကိုလည်းကောင်း၊ ကိုယ်တော်နှင့်အတူရပ်နေသောသူနှစ်ဦးကိုလည်းကောင်းမြင်ကြ၏။ ထိုသူနှစ်ဦးတို့သည်အထံတော်မှထွက်ခွာသွားကြသောအခါ၊ ပေတရုကအရှင်ဘုရား၊ ဤအရပ်သည်တပည့်တော်တို့နေရန်အလွန်ကောင်းပါ၏။ ကိုယ်တော်အတွက်တဲတစ်ဆောင်၊ မိုးဇက်အတွက်တဲတစ်ဆောင်၊ ဧလိယအတွက်တဲတစ်ဆောင်၊ တဲသုံးဆောင်ဆောက်ကြပါစို့ဟုမိမိပြောဆိုသည့်အရာကိုမသိနားမလည်ဘဲကိုယ်တော်အားလျှောက်လေ၏၊ ဤသို့လျှောက်ထားစဉ်မိုးတိမ်တစ်ခုသည်ပေါ်လာ၍၊ သူတို့အပေါ်လွှမ်းမိုးလေ၏။ သူတို့သည်လည်းမိုးတိမ်တိုက်အတွင်းမိမိတို့ရောက်ရှိနေသည့်အခိုက်တွင်အလွန်ကြောက်ရွံ့ကြ၏။ မိုးတိမ်ထဲမှအသံဖြစ်ပေါ်လာသည်ကားဤသူသည်ငါ၏ချစ်သားငါရွေးချယ်ထားသောသူဖြစ်၏။ သူ့ကိုနားထောင်ကြလော့ဟုဆို၏။ အသံထွက်ပေါ်လာပြီးသည့်နောက်သခင်ယေဆူးတစ်ပါးတည်းကိုသာသူတို့တွေ့မြင်ကြရ၏။ တပည့်တော်တို့သည်မိမိတို့တွေ့မြင်ရသည့်အကြောင်းအရာများကိုထိုအချိန်၌မည်သူ့ကိုမျှမပြောဘဲ၊ တိတ်ဆိတ်စွာနေကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်။